# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 10 , 2025 Volume 86, Number 7


၁၀ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၆၄.၁၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၄.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၂.၇၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၀.၆၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၃ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၅ ခုနှစ် ကြံရာသီသကြားစက်များ စတင်လည်ပတ်



၂၀၂၅ ခုနှစ် ကြံရာသီသကြားစက်များ ဇန်နဝါရီလဆန်းပိုင်းရက်များမှ စတင်ကာလည်ပတ်ထုတ်လုပ်နေကြောင်း သိရသည်။

၂၀၂၄ -၂၀၂၅ ခုနှစ်ထုတ် ပြည်တွင်းသကြားများဈေးနှုန်းတည်ငြိမ်နေပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀-၅၁၀၀ ပေါက်ဈေးရှိနေသည်။

ယခုနှစ် ကြံတစ်တန်ပေါက်ဈေးမှာ ငွေကျပ် ၁၈၀,၀၀၀ - ၂၀၀,၀၀၀ ပေါက်ဈေးကို စက်ရုံအသီးသီးမှဝယ်ယူလျက်ရှိပြီးဇန်နဝါရီလဆန်းပိုင်းရက်များတွင် စတင်လည်ပတ်နေခြင်းဖြစ်သည်။

“စစ်ကိုင်းတိုင်းအထက်ပိုင်းမောင်းကုန်းသကြားစက်၊ MECသကြားစက်၊ Ever Green သကြားစက်၊ရှမ်းမြောက်ဒေသငွေရည်ပုလဲသကြားစက်၊ ရှမ်းတောင်ဒေသမြဘုရင်သကြားစက်များအပြည့်အဝလည်ပတ်ကြိတ်ဝါးမည်ဖြစ်ပါတယ်။ ဒါကြောင့်ပြည်တွင်းသကြားအထွက်နှုန်းလျော့ကျစရာမရှိ၊ သကြားအထွက်တိုးလာပါမယ်၊ လက်ရှိပြည်တွင်းသကြားဈေးကမြင့်နေလို့ ဈေးကွက်အတွင်း သကြားပိုလျှံမှုများဖြစ်နိုင်ပါတယ်။ နိုင်ငံခြားသကြားပေါက်ဈေးကနိမ့်နေလို့သကြားတင်ပို့မှုလည်းလျော့ကျနိုင်ပါတယ်” ဟု မြန်မာနိုင်ငံကြံနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းသကြားအရောင်းအဝယ်မှာ ဈေးကျဆင်းမှုမရှိဘဲတည်ငြိမ်နေပြီး နောက်လများတွင် သကြားအသစ်များထွက်ရှိလာချိန်တွင်ပြည်တွင်းသကြားဈေးအနည်းငယ်ကျဆင်းလာနိုင်ကြောင်း ကုန်သည်များက သုံးသပ်ထားသည်။

ပြည်တွင်းသကြားသုံးစွဲမှုမှာလည်းလျော့ကျနေပြီး ပြည်ပတင်ပို့နိုင်မှုလည်းလျော့ကျနေချိန်ဖြစ်သည်။

ယခင်နှစ် ကြံရာသီကထွက်ရှိလာသော သကြားများအနက် တန်ချိန် ၅၀,၀၀၀-၆၀,၀၀၀ခန့်သာတင်ပို့နိုင်ခဲ့ပြီး လက်ရှိနိုင်ငံ တကာသကြားပေါက်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၀ ပေါက်ဈေးရှိနေပြီးပြည်တွင်းသကြားပေါက်ဈေးထက်လျော့

ကျနေကြောင်း သကြားကုန်သည်များက ပြောသည်။

လာမည့် ၂၀၂၅ ခုနှစ်အတွင်းနိုင်ငံခြားသို့ပြည်ပတင်ပို့မှုလျော့ကျနိုင်သလိုပြည်တွင်းသကြားဈေးကွက်မှာလည်းသကြားပိုလျှံမှုများကြောင့် သကြားဈေးဆက်လက်တည်ငြိမ်နေပြီဖြစ်သည်။

သကြားစက်ရုံများမှထွက်ရှိသည့် ပို့ကုန်အရည်အသွေးရှိသကြားအဖြူ၊ ပြည်တွင်းသုံးသကြားညို၊ သကာရည်များကို ပြည်တွင်းထုတ်စားသောက်ကုန်နှင့်အဖျော်ယမကာထုတ်လုပ်သည့်လုပ်ငန်းများတွင်စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲနေခြင်းဖြစ်သည်။

ယခုနှစ်ကြံစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်း၊ စက်သုံးဆီသွင်းအားစုများသုံးစွဲရာတွင်ဈေးကြီးမြင့်ခြင်း၊ လုပ်သားရှားပါးခြင်းများကြောင့် ပြီးခဲ့သည့် ကြံသစ်စိုက်ပျိုးမှုများလျော့ကျခဲ့ကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မိုးကြက်သွန်နီများထွက်ပေါ်ပြီး ဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရ



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်သည် ဆည်ရေသောက်ဒေသဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ သီးနှံမျိုးစုံအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သောကြက်သွန်နီသီးနှံကို စိုက်ဧက ၂၇၉၀ ခန့်စိုက်ပျိုးထားရှိပြီး ကသဲကုန်းရွာ၊ ဆည်ရွာနှင့် လေးဆယ်ကုန်းရွာတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ကြက်သွန်နီသီးနှံကို ဇွန်လနှင့်ဇူလိုင်လများတွင် စိုက်ပျိုးပြီး နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးရာတွင်ပေါင်ခတ်၍ရေသွင်းရေတင်စနစ်ဖြစ်စိုက်ပျိုးကြပြီး မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ကျော်ခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကြက်သွန်နီပိဿာချိန် ၃၀၀၀ ကျော်ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများကစိုက်ခင်းအရောက် လာရောက်ဝယ်ယူကြပြီးမြို့နယ်အတွင်းရောင်းချမှုအပြင် ကျောက်ဆည်၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်နှင့် မြဝတီမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ မိုးကြက်သွန်နီအနေဖြင့် ဒေသတွင်းစိုက်ပျိုးဧကနည်းပါးသော်လည်း သီးနှံထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ အကျိုးအမြတ်ပိုမိုရရှိကြောင်း ကြက်သွန်နီစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ဥယျာဉ် ၊ ရွာတော်၊ ညောင်ပင်သာ၊ မယ်ဇလီတော၊ ဇီးတောစသည့်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပြီး ပဲစင်းငုံသီးနှံများကိုစိုက်ပျိုးခဲ့ရာ ယခုအချိန်တွင်ပဲစင်းငုံသီးနှံများစတင်ရိတ်သိမ်းလျက်ရှိကြောင်းသိရသည်။

ပဲစင်းငုံသီးနှံကို ဇူလိုင်လတွင်စိုက်ပျိုးကြပြီး ဇန်နဝါရီလပထမပတ်မှစ၍ရိတ်သိမ်းလျက်ရှိကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကိုတစ်ဧကလျှင် မျိုးစေ့နှစ်ပြည်ခန့်စိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင်တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ငါးသိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀-၁၂ တင်းခန့်ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံအထွက်နှုန်းအပေါ်မူတည်၍ အထွက်နှုန်းများ ကွားခြားမှုရှိကြောင်း ပြည်တွင်းဈေးကွက်အနေဖြင့် မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့နှင့်ရန်ကုန်မြို့များသို့ ရောင်းချကြကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့တင်ပို့ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ၃ ရက်အတွင်း ဆီပိသာချိန် ၄၀,၀၀၀ ကျော် ရောင်းချပေးခဲ့



မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှရန်ကုန်တိုင်းဒေသကြီးတွင် ဇန်နဝါရီ ၄ ရက်မှ ၆ ရက်ထိ ဆီပိသာချိန် ၄၀, ၀၀၀ ကျော်ရောင်းချပေးခဲ့ကြောင်း သိရသည်။

စားသုံးဆီရောင်းချပွဲတော်ကို ဇန်နဝါရီ ၄ ရက်မှ ၆ ရက်ထိပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမှ ဆီစက် ၂ စက်၊စစ်ကိုင်းတိုင်းဒေသကြီးမှ ဆီစက် ၁ စက်၊ မန္တလေးတိုင်းဒေသကြီးမှ ဆီစက် ၄ စက်၊မကွေးတိုင်းဒေသကြီးမှဆီစက် ၄ စက် စုစုပေါင်းဆီစက် ၁၁ စက်မှ စားသုံးဆီပိသာချိန် ၄၀,၀၀၀ကျော်ရောင်း ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပြည်ပမှစားသုံးဆီတင်သွင်းမှုလျှော့ချနိုင်ရေး၊ စားသုံးသူများ၏ကျန်းမာရေးနှင့်ညီညွတ်သည့် မြေပဲဆီ၊ နှမ်းဆီ နေကြာဆီကိုပိုမိုစားသုံးနိုင်ရေးနှင့်ပြည်တွင်းဆီဖူလုံမှုကိုပြသချင်သည့်အတွက် စားသုံးဆီဈေးရောင်းပွဲတော်ကိုလစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဈေးရောင်းပွဲတော်တွင် မြေပဲဆီတစ်ပိသာကျပ် ၁၇,၀၀၀ ၊ နေကြာဆီတစ်ပိသာ ကျပ် ၂၀,၀၀၀နှင့် နှမ်းဆီတစ်ပိသာ ကျပ် ၁၈,၀၀၀ နှုန်းဖြင့်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင်ယခုအပတ်အတွင်းကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာစားအုန်းဆီတစ်ပိသာလျှင်ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း သတ်မှတ်ထားသည်။

ပြည်တွင်း၌စားသုံးဆီလိုအပ်ချက်သည် တစ်လလျှင်တန်ချိန် ၁ သိန်းခန့်ရှိသော်လည်း ပြည်ပမှလစဉ်စားအုန်းဆီတန်ချိန် ၅ သောင်းဝန်းကျင်သာ တင်သွင်းနေရကြောင်း သိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန် ငါးရှဉ့်ဈေးကွက်



ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်း၊ မြောင်း ၊ အင်းအိုင်များမှ သဘာဝအတိုင်းရှာဖွေဖမ်းဆီးပြီး ပြည်တွင်းပြည်ပဈေးကွက်အရောင်းအဝယ်ဖြစ်နေသည့် ငါးရှဉ့်များကို ပြည်ပသို့ နှစ်ပတ်လည်တင်ပို့ရောင်းချမှုရှိပြီး အဓိကရန်ကုန်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း ဈေးကွက်ကသိရသည်။

ငါးရှဉ့်များကို ဖွန်လမှအောက်တိုဘာလအထိ မိုးရာသီဈေးကွက်မှာတင်ပို့မှုများ၍ ဒီဇင်ဘာလနောက်ပိုင်း ငါးရှဉ့်အဝင်နည်းသွားကြောင်းနှင့် ငါးရှဉ့်မျိုးများကိုထိန်းသိမ်းရန် ငါးလုပ်ငန်းဦးစီးဌာနမှ ၅ စင်တီမီတာ လုံးပတ်အထက်သာဖမ်းဆီးတင်ပို့ရောင်းချခွင့်ပြုကြောင်း သိရသည်။

ပုသိမ်ဈေးကွက်မှပြည်ပတင်ပို့သော ငါးရှဉ့်များမှာ ပါးနီ၊ပါးမွား ၂ မျိုးသာ Export ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ငါးရှဉ့်တွင်ကျန်းမာရေးအတွက် ပရိုတင်းဓာတ်ကြွယ်ဝလျက် အာရုံကြောကောင်းမွန်၍ သတ္တုဓာတ်နှင့်ဗီတာမင်ဓာတ်တွေလည်းပါဝင်ပြီး သံဓာတ်များလည်းပါဝင်ကြောင်း သံဓာတ်လုံလောက်မှုမရှိရင်ခန္ဓာကိုယ်ထဲမှာ သွေးနီဥနည်းပါး၍ ခေါင်းမူး၊ ခေါင်းကိုက် အားနည်းတာတွေဖြစ်နိုင်ကြောင်းငင်းအပြင်နွားနို့ ၊ဒိန်ချဉ်တို့လိုအရိုးကိုသန်မာစေသော phosphorusဓာတ်များပါဝင်ပြီး သွေးအားကောင်း၍ ငါးရှဉ့်ကိုပြည်တွင်းစားသောက်ဆိုင်များနှင့်ဟိုတယ်စာအဖြစ် စားသုံးလျက်ရှိကြောင်းဈေးကွက်ကသိရသည်။

ပုသိမ်မြို့ပေါ်အဝယ်ဒိုင်သို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များရှိကျေးရွာများမှ အဝယ်ဒိုင်သို့ အဓိကလာရောက်ရောင်းချလျက်ရှိပြီး အကောင်အကြီးအသေးပေါ်မူတည်၍ ၁ ပိသာလျှင် ၁၂,၀၀၀ – ၁၄,၀၀၀ ကျပ်ဈေးဖြင့်ဝယ်ယူ

လျှက်ဝယ်ယူထားသော ငါးရှဥ့်များကို ရေနှစ်ထပ်၊ သုံးထပ်လဲလှယ်၍ ငါးရှဥ့်အသေးများကိုဖယ်ပြီး ဖာပုံး၊ ပလတ်စတစ်ပုံးများကို ၂၀ – ၂၅ ပိဿာ ထည့်သွင်း၍ရန်ကုန်မြို့ရှိစံပြဈေး၊လှိုင်သာယာဈေးနှင့်အင်းစိန်မြို့နယ်ကြို့ကုန်းငါးရှဥ့်အဝယ်ဒိုင်များသို့ တင်ပို့လျှက်ရန်ကုန်မှတစ်ဆင့်ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချလျှက်ရှိကြောင်း ပုသိမ်မြို့ငါးရှဥ့်လုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုဝင်ဘာလတွင်ငါးရှဥ့်ပိဿာချိန် ၈၄၃၅ တင်ပို့နိုင်ခဲ့ပြီးဒီဇင်ဘာလတွင် ငါးရှဥ့်ပိဿာချိန် ၉၀၀၀ တင်ပို့ခဲ့၍ ယခင်လထက် ပိဿာချိန် ၅၆၅ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**Source : DOCA ဧရာဝတီ**

https://www.doca.gov.mm/

## အစေ့ထုတ်ပြောင်း (CP) စိုက်ပျိုး ဝင်ငွေတိုး



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်း မိုးသီးနှံများဖြစ်သည့် ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲနှင့်အစေ့ထုတ်ပြောင်း (CP )သီးနှံများကို အများအပြား စိုက်ပျိုးလျှက်ရှိပါသည်။

ရေစကြိုမြို့နယ်တွင်မိဖုရား၊မဲကုန်း၊ကိုင်း၊နန်းဦး၊ရေရှား ၊ ကံဦးနှင့်ငတရော်ကျေးရွာများတွင်ယခင်နှစ်က ဧက ၅၀၀ ခန့် စိုက်ပျိုးခဲ့ပြီးယခုနှစ်တွင်ဧက ၃၀၀ ခန့်သာစိုက်ပျိုးကြကြောင်း သိရသည်။


အများဆုံးစိုက်ပျိုးသည့် CP မျိုးများမှာ 722 ၊808 နှင့် 339 မျိုးများဖြစ်ကြောင်း၊ ဩဂုတ်လနှင့်စက်တင်ဘာလများမှာ စတင်စိုက်ပျိုးကြပြီး ၁ ဧကစိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းချွေလှေ့ခ အပါအဝင်စုစုပေါင်းကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

အစေ့ထုတ်ပြောင်း (CP) ၁ ဧကထွက်ရှိမှုအနေဖြင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်တင်းများကွာခြားလျှက်ရှိပြီး ၁ ဧကလျှင်အထွက်တင်း ၇၅ မှ ၁၀၀တင်းခန့်ထွက်ရှိကြောင်း၊လက်ရှိဈေးနှုန်းအနေဖြင့် ရေစကြိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း (CP) ၁ တင်းလျှင်ကျပ် ၂၇,၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျှက်ရှိပြီးအစေ့ထုတ်ပြောင်း(CP )စိုက်တောင်သူများအနေဖြင့် ၁ ဧကအကျိုးအမြတ် ကျပ် ၁၀ သိန်းခန့်ရရှိကြောင်း အစေ့ထုတ်ပြောင်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCAမကွေး**

https://www.doca.gov.mm/

## တရုတ်နိုင်ငံသည်ဩစတြေးလျနိုင်ငံမှကျောက်ပုစွန်များ တင်သွင်းမှုအား လေးနှစ်ပိတ်ပင်ထားသည်ကို ရုပ်သိမ်း



တရုတ်နိုင်ငံသည် ဩစတြေးလျနှင့် နှစ်အတော်ကြာတင်းမာနေသည့်ဆက်ဆံရေးကာလအတွင်းဝိုင်မှသစ်သားအထိ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော် တန်ဖိုးရှိသော ဩစတြေးလျပို့ကုန်များအပေါ် လက်တုံ့ပြန်သော အခွန်အခများကောက်ခံခြင်း သို့မဟုတ် တားမြစ်ခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ ကျောက်ပုစွန်တင်သွင်းမှုများအား ၂၀၂၀ ခုနှစ်က စတင်ပိတ်ပင်ခဲ့ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ တန်ဖိုးရှိသော ကျောက်ပုစွန်ကုန်သွယ်မှုသည် ဩစတြေးလျသံတမန်ရေးရာ ကြိုးပမ်းမှုများ လအတန်ကြာပြီးနောက် ပိတ်ဆို့ဒဏ်ခတ်မှုအောက်တွင် ဆက်ရှိနေသော ဩစတြေးလျပို့ကုန်များအနက် နောက်ဆုံးတစ်ခုလည်းဖြစ်သည်။

လာအိုတွင်တရုတ်ဝန်ကြီးချုပ် Li Qiangနှင့်တွေ့ဆုံပြီးနောက်တရုတ်နိုင်ငံသည်ဩစတြေးလျကျောက်ပုစွန်များအားတင်သွင်းခွင့်ကိုပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီးစ် ၏ ၂၀၂၄ အောက်တိုဘာလကပြောကြားချက်အရသိရသည်။

ဩစတြေးလျမှကျောက်ပုစွန်များအားတရုတ်နိုင်ငံသို့ပြန်လည်တင်ပို့နိုင်ရန်တရုတ်နိုင်ငံမှအတည်ပြုထားကြောင်း၊ ဩစတြေးလျမှ ကျောက်ပုစွန်မွေးမြူထုတ်လုပ်သူများနှင့် ငါးဖမ်းသမားများသည်တရုတ်ဈေးကွက်သို့ပြန်လည်ဝင်ရောက်ရန် သွင်းကုန်ပါမစ်များလျှောက်ထားနိုင်ပြီဖြစ်ကြောင်းစိုက်ပျိုးရေးဝန်ကြီး Julie Collins က သတင်းထောက်များအား ပြောကြားခဲ့သည်။

ပိတ်ပင်မှုမတိုင်မီ ဩစတြေးလျ၏ကျောက်ပုစွန်တင်ပို့မှုခန့်မှန်းခြေ ၉၇ ဒသမ ၇ ရာခိုင်နှုန်းကိုတရုတ်နိုင်ငံသို့ရောင်းချခဲ့ပြီး တစ်နှစ်လျှင်တန်ချိန် ၁၆၀၀ ကျော်ရှိကြောင်းသိရသည်။

ဩစတြေးလျထုတ်လုပ်သူအချို့သည် အမေရိက၊ ဥရောပ၊ အာရှနှင့်အရှေ့အလယ်ပိုင်းတို့တွင် ဈေးကွက်အသစ်များစတင်တွေ့ရှိလာခဲ့ကြပြီး ဟောင်ကောင်၊ဟန်ွိုင်းနှင့်အခြားအာရှမြို့ကြီးများမှတစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြင့်ပိတ်ဆို့မှုများစွာကို တွန်းလှန်ခဲ့သည်။

တားမြစ်ပိတ်ပင်မှုများပြုလုပ်ပြီးနောက်ဟောင်ကောင်တစ်ခုတည်းသို့ကျောက်ပုစွန်တင်ပို့မှုပမာဏသည် ၆၁ ရာခိုင်နှုန်းကျော်တက်လာခဲ့ကြောင်း ဆစ်ဒနီနည်းပညာတက္ကသိုလ်မှ သုတေသီများက ပြောကြားခဲ့သည်။

ကျောက်ပုစွန်ကဲ့သို့သော အစားအစာများအား ဝယ်လိုအားများလာသောကြောင့် ဩစတြေးလျပို့ကုန်လုပ်ငန်းရှင်များသည် တရုတ်နှစ်သစ်ကူးကာလတွင် ပို့ကုန်များပြန်လည်စတင်နိုင်ရန်မျှော်လင့်ထားကြကြောင်း သိရသည်။

**Source : DOCA ရန်ကုန်**

https://www.doca.gov.mm/

## နီပေါနိုင်ငံသည် ဘဏ္ဍာရေးနှစ်သစ်တွင် တရုတ်နိုင်ငံမှ လျှပ်စစ်ကားအများစုကိုတင်သွင်း




လက်ရှိ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၏ ပထမငါးလတာအတွင်း နီပေါနိုင်ငံမှ တင်သွင်းသောကားများ၏ လေးပုံသုံးပုံခန့်သည် တရုတ်နိုင်ငံမှဖြစ်ကြောင်း နီပေါအကောက်ခွန်ဦးစီးဌာန၏ ဒီဇင်ဘာလ ၂၂ ရက်နေ့က ထုတ်ပြန်ချက်အရသိရသည်။

နီပေါနိုင်ငံသည် ၂၀၂၄ ဒီဇင်ဘာလတွင် လျှပ်စစ်ကားစုစုပေါင်း ၄၆၉၇ စီးတင်သွင်းခဲ့ပြီးယင်းတို့အနက်မှ အစီးရေ ၃၅၉၀ ခန့်သည် တရုတ်နိုင်ငံမှတင်သွင်းခြင်းဖြစ်ပြီး စုစုပေါင်းတင်သွင်းမှု၏ ၇၆ ဒသမ ၄၃ ရာခိုင်နှုန်း ရှိကြောင်း အကောက်ခွန်ဦးစီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နီပေါနိုင်ငံသည်မကြာသေးမီနှစ်များအတွင်း လျှပ်စစ်ကားများတင်သွင်းမှုကို အရှိန်အဟုန်ဖြင့်မြင့်တင်ဆောင်ရွက်လျက်ရှိပြီး နီပေါနိုင်ငံ၏ အစိုးရမှလည်းနိုင်ငံအတွင်းရေအားလျှပ်စစ်အသုံးပြုမှုမြှင့်တင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နီပေါနိုင်ငံသည် လျှပ်စစ်ကားအစီးရေ စုစုပေါင်း ၁၁,၇၀၁ စီးတင်သွင်းခဲ့ပြီး ၎င်းတို့အနက်တရုတ်နိုင်ငံမှအစီးရေ ၈၀၆၅ စီးတင်သွင်းခဲ့ကြောင်း၊ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင်အစီးရေ ၄၀၅၀ စီးနှင့် ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ်တွင်အစီးရေ ၁၈၀၅ စီးတင်သွင်းခဲ့ကြောင်း ဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

**Source : DOCA ရန်ကုန်**

https://www.doca.gov.mm/

## ထိုင်းဗဟိုဘဏ် (ထိုင်းဘဏ်)က ခိုင်မာသောငွေကြေးမူဝါဒမူဘောင်ကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့

အမေရိကန်တွင် ချမှတ်လာနိုင်ဖွယ်ရှိသည့်မူဝါဒအပါအဝင် မသေချာမှုများမြင့်တက်လျက်ရှိသော်လည်း ထိုင်းနိုင်ငံ၌ခိုင်မာသော ငွေကြေးမူဝါဒမူဘောင်ကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ထိုင်းဗဟိုဘဏ် (ထိုင်းဘဏ်)က ကတိပြုပြောကြားခဲ့ပါသည်။

ဗဟိုဘဏ်ကကြီးမှူးကျင်းပသည့် ငွေကြေးဖိုရမ်တွင် ပါဝင်ဆွေးနွေးသူများက အမေရိကန်ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ အခွန်နှင့်အကောက်ခွန်များ၊ ကုန်သွယ်ရေး၊ စွမ်းအင်နှင့်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဖြစ်လာနိုင်သောမူဝါဒများအပေါ် ဆွေးနွေးပြောကြားခဲ့ကြပါကြောင်း၊ ယင်းမူဝါဒများသည်ကမ္ဘာ့ဘဏ္ဍာငွေဈေးကွက်၊ ကမ္ဘာနှင့်တရုတ်စီးပွားရေးတို့အတွက် မသေချာမှုများ မြင့်တက်လာနိုင်ကြောင်း၊ အဆိုပါမူဝါဒများကြောင့်ပင် အမေရိကန်၌ငွေကြေးဖောင်းပွမှုမြင့်တက်လာနိုင်ပြီး အမေရိကန်ဘဏ်၏ မူဝါဒနှုန်းထားကိုလည်းရှည်ကြာသောအမြင့်တွင်ဖြစ်စေပါကြောင်း၊မသေချာမှုများသည် ထိုင်းစီးပွားရေးကို အပြုသဘောနှင့် အပျက်သဘောသက်ရောက်မှုဖြစ်လာစေနိုင်ပါကြောင်း၊ ဥပမာအားဖြင့် တရုတ်သို့ ထိုင်းပို့ကုန်များ ကျဆင်းစေနိုင်ပြီး တရုတ်ကုန် စည်များဝင်ရောက်လာမှုကြောင့် ပြင်းထန်သော ယှဉ်ပြိုင်မှုများဖြစ်လာစေမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံအတွင်းသို့ထုတ်လုပ်မှုအခြေစိုက်များ ရွှေ့ပြောင်းလာမှုကြောင့်အကျိုးကျေးဇူးခံစားရနိုင်သော်လည်း ကမ္ဘာ့စီးပွားရေးမသေချာမှုမြင့်တက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံမှုကိုနှေးကွေးစေမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့်ပဋိပက္ခကြောင့် တရုတ်စီးပွားရေးနှေးကွေးခဲ့ပါလျှင် ထိုင်းနိုင်ငံ၏ ပို့ကုန်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်းထိခိုက်လာနိုင်ကြောင်း၊ ငွေကြေးမူဝါဒကော်မတီအနေဖြင့် ထရမ့်ကကျင့်သုံးမည့်မူဝါဒများကိုစောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ထရမ့်သည်၎င်း၏မူဝါဒတစ်ခုချင်းစီနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့်ညှိနှိုင်းမှုကိုအာရုံစိုက်လာနိုင်ကြောင်း၊ မြင့်တက်လာသည့် မသေချာမှုကိုခံနိုင်ရည်ရှိသည့် မူဝါဒကိုအထောက်အကူပြုရန် ငွေကြေးမူဝါဒကော်မတီကင၎်း၏မူဝါဒနှုန်းကို ၂ ဒသမ ၂၅ ရာခိုင်နှုန်းတွင်ထားရန် တစ်ညီတစ်ညွတ်တည်းမဲပေးခဲ့ပါကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌကော်မတီအဖွဲ့ဝင် Mr. Piti Disyatat က ပြောကြားခဲ့သည်။

အချက်အလက်များနှင့် စီးပွားရေးအလားအလာများပေါ်အခြေခံ၍ထိန်းညှိနိုင်ရန်ငွေကြေးမူဝါဒသည်ပြောင်းလွယ်ပြင်လွယ်ဖြစ်ရမည်ဖြစ်ကြောင်း၊ ကြွေးမြီဖယ်ထုတ်ခြင်းလုပ်ငန်းစဉ်များကြောင့် နိုင်ငံ၏အိမ်ထောင်စုကြွေးမြီသည် ကျဆင်းလာလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် တတိယ ၃ လ ပတ်တွင် GDP နှင့် အိမ်ထောင်စုကြွေးမြီအချိုးသည် ၈၉ ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ အုပ်ချုပ်သူများအနေဖြင့် GDP နှင့် အိမ်ထောင်စုကြွေးမြီအချိုးကို တိတိကျကျသတ်မှတ်ထားခြင်းမရှိဘဲ တစ်ဦးချင်းစီနှင့် အိမ်ထောင်စုများ၏ကြွေးမြီအပေါ်ဝန်ဆောင်မှုပေးနိုင်စွမ်းနှင့်လုပ်ဆောင်နိုင်မှုကဲ့သို့ထိုင်းပြည်သူများချမ်းသာမှုအတွက်သာအာရုံစိုက်ပါကြောင်း၊ ချေးငွေဖန်တီးပေးခြင်းသည်လည်း အရေးပါသောအချက်တစ်ချက်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း အိမ်ထောင်စုကြွေးမြီ၏ ၃၀ ရာခိုင်နှုန်းသည် ပေါင်နှံမှုများဖြစ်ကြောင်း Mr. Piti က ဖြည့်စွက်ပြောကြားခဲ့သည်။

အိမ်ထောင်စုကြွေးမြီသည် ၈၀ ရာခိုင်နှုန်းထက်ပိုခဲ့ပါက စီးပွားရေးတိုးတက်မှုနှင့် ပြည်တွင်းစားသုံးမှုကို အပျက်သဘောသက်ရောက်မှုရှိနိုင်သောကြောင့်ယင်းရာခိုင်နှုန်းမပိုသင့်ကြောင်း Bank of International Settlement ကအကြံပြုထားပါကြောင်း၊ ကြွေးမြီဖယ်ထုတ်ခြင်းလုပ်ငန်းစဉ်ကြောင့်ဘဏ်ကဏ္ဍတွင်ချေးငွေတိုးတက်မှုနှေးကွေးလာခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်းဘဏ်ကဏ္ဍရှိမော်တော်ကားချေးငွေသည်လည်း ကျုံ့လာနိုင်ဖွယ်ရှိကြောင်း ဗဟိုဘဏ်ကထုတ်ပြန်ထားချက်အရ သိရသည်။

**Source:** www.bangkokpost.com ၊

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## တောင်ကိုရီးယားနိုင်ငံဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကော်မရှင် Financial Services Commission (FSC )က နိုင်ငံတွင်းငွေကြေးဈေးကွက်တည်ငြိမ်စေရေးနှင့်ဈေးကွက်တွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို အလေးထားဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံရှိဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကော်မရှင် Financial Services Commission (FSC) သည် လက်ရှိကြုံတွေ့နေရသော ငွေကြေးဈေးကွက်တွင်းမတည်ငြိမ်မှုများကို ကိုင်တွယ်စီမံခန့်ခွဲရေးနှင့် အိမ်ထောင်စုများ၏ ကြွေးမြီများလျော့ကျစေရေးအားထုတ်မှုများကိုနှစ်ဆတိုးဆောင်ရွက်သွားမည်ဖြစ်သည်ဟု ၈-၁-၂၀၂၅ ရက်နေ့က ထုတ်ပြန်သည့်မူဝါဒအစီရင်ခံစာတွင်ဖော်ပြထားသည်။

သမ္မတထရမ့်လက်ထက်၌အမေရိကန်ပြည်ထောင်စုတွင်မူဝါဒအပြောင်းအလဲများစွာကို မိတ်ဆက်လာမည်ဖြစ်ခြင်း၊ တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေးနှေးကွေးနေခြင်းနှင့်ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်ခြင်းတို့ကြောင့်ပြည်တွင်းငွေကြေးဈေးကွက်မတည်ငြိမ်မှုဆက်လက်မြင့်မားလာနိုင်ခြေများနေသည်ဟု FSC ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

သို့ဖြစ်၍ဈေးကွက်အခြေအနေကို ၂၄ နာရီ စောင့်ကြည့်စစ်ဆေးကာ ဈေးကွက်မတည်မငြိမ်ဖြစ်နေမှုများကိုနည်းနိုင်သမျှနည်းစေရေးလိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ဝမ်ငွေ ၁၀၀ထရီလီယံတန်ဖိုးရှိဈေးကွက်တည်ငြိမ်စေရေးစီမံဆောင်ရွက်မှုများကိုဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အိမ်ထောင်စုချေးငွေများလျော့နည်းလာစေရေးအတွက်လည်း ပိုမိုတင်းကြပ်သော စည်းမျဉ်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း FSC ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အိမ်ခြံမြေချေးငွေရယူလိုသူများ၏ အကြွေးဆပ်နိုင်စွမ်းရည်ကို အကဲဖြတ်လေ့လာခြင်းနှင့် အတိုးနှုန်းမြှင့်တင်ခြင်းများကိုလည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ချေးငွေချေးယူမှုများကိုလျှော့ချသွားနိုင်မည်ဖြစ်ပါကြောင်း၊ FSC သည် အချိန်ကာလများစွာကြာမြင့်မည့် စက်မှုနှင့်အခြေခံအဆောက်အဦဆိုင်ရာစီမံကိန်းများအတွက် ချေးငွေ Project Financing PF Loans ထောက်ပံ့ပေးမှုဆိုင်ရာ စည်းမျဉ်းများကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေများသည် နိုင်ငံ၏ဘဏ္ဍာရေးတည်ငြိမ်မှုအပေါ်များစွာထိခိုက်စေနိုင်သည့်အချက်များအနက်တစ်ခုဖြစ်နေပါကြောင်း၊ ဝမ်ငွေ ၁၆ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ PF Loans များကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ အမျိုးအစားခွဲခြားခြင်း (သို့မဟုတ်) အပြီးသတ်စာရင်းရှင်းလင်းခြင်းတို့အား ၂၀၂၅ ခုနှစ်၊ ဇွန်လနောက်ဆုံးထား၍ အပြီးသတ်ဆောင်ရွက်သွားရန် FSC က စီစဉ်ထားပါကြောင်းနှင့် အဆိုပါပမာဏသည် စုစုပေါင်း PF Loans ၏ ၇၇ ဒသမ၅ ရာခိုင်နှုန်းနှင့်ညီမျှပါကြောင်း FSC ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

**Source:** https://www.koreatimes.co.kr/www/biz/2025/01/488_390001.html

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (10.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,498 (Shares) | 15,232,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,200 | 8,300 | 8,200 | 420 | 3,446,000 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 21 | 67,200 | 38,929,150 | 124,573 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,500 | 8,500 | 8,300 | 20 | 168,000 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 10 | 19,000 | 29,664,613 | 56,363 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 0 | 0 | 12,823,224 | 39,752 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 1,200 | 1,990,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,200 | 4,300 | 4,200 | 611 | 2,567,300 | 10,497,598 | 45,140 |
| MAEX | 00008 | 3,100 | -100 | -3.13% | 3,200 | 3,200 | 3,100 | 2,216 | 6,975,450 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 10th Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.53 | -0.73 | -0.19% | 387.95 | 389.53 | 387.32 | 4,498 | 15,232,950 | 8 | 734,723 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm,10th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 4,669 (Shares) | 15,754,500 (MMK) |

## Main Board

As of 1:00 pm, 10th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,498 (Shares) | 15,232,950 (MMK) |

| MYANPIX | 389.53 ▼ 0.73 |
|---|---|
| Total Volume (shares) | 4,498 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 734,723 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 100 |